## မာတိကာ


၁။ ကျေးဇူးတင်လွှာ -------------------------------------------၈
၂။ ဆရာကြီးဒေါက်တာကျော်စိန်၏အမှာစာ -----------------------၁၀
၃။ ဆရာမ မစန္ဒာ၏အမှာ -------------------------------------၁၄
၄။ အဖွင့်စကား ---------------------------------------------၁၈
၅။ ငါဝင်တယ် ...ဘာဖြစ်လဲ ---------------------------------၂၀
၆။ အခန်း (၁) အမွေပေးတိုင်းရမှာလား------------------------၂၃
၇။ အခန်း (၂) လက်ဆင့်ကမ်းပြေးပွဲ --------------------------၂၇
၈။ အခန်း (၃) မေတ္တာခြုံ၍ လုံကြသည်။ ---------------------၃၀
၉။ အခန်း (၄) အမွေပေးသူနှင့်ယူသူ သင်ဘယ်သူလဲ။ -----------၃၃

(၄-၁) ဆရာကြီးဒေါက်တာကျော်စိန်နှင့်သား -----၃၇
ဆရာဒေါက်တာအောင်မြတ်ကျော်စိန်

(၄-၂) ဆရာကြီးမဟာဆွေနှင့်သမီး -------------၄၃
ဆရာမဒေါ်ခင်ဆွေဦး

(၄-၃) ဆရာကြီးမန်းတင်နှင့်သမီး -------------၄၉
ဆရာမ မစန္ဒာ

(၄-၄) ဆရာကြီးဂုဏ်ထူးဦးသိန်းနိုင်နှင့်သား -----၅၇
ဆရာဒေါက်တာဇော်

(၄-၅) ဆရာကျားဘငြိမ်းနှင့်သား -------------၆၅
ဆရာဦးဝင်းငြိမ်း

(၄-၆) ဆရာဦးဟိန်းလတ်နှင့်သမီး ------------၇၃
ဆရာမ မေသရဝဏ်ဦး

(၄-၇) ဆရာဦးမြတ်နိုင်နှင့်သား ----------------၈၁
ဆရာဖေယျာမြတ်နိုင်

(၄-၈) ဆရာဒေါက်တာတင်ထွန်းဦးနှင့်သမီး ------၈၇
ဆရာမဒေါက်တာနုမြတ်သီရိဦး

(၄-၉) ဆရာစန္ဒြနှင့်သား -------------------၉၅
ဆရာဒေဝ

(၄-၁၀) အဆိုတော်မိုင်နှင့်သမီး --------------၁၀၁
ရတနာမိုင်

(၄-၁၁) (ဦး) ဝါးခယ်မရဲမောင်နှင့်သမီး -------၁၀၇
မမေရွှက်ဝါ

(၄-၁၂) (ဦး)သုမောင်နှင့်သား ----------------၁၁၃
မင်းသားဖိုးသောကြာ

(၄-၁၃) (ဦး)ဘီအီးဒီအောင်သိုက် နှင့်သား -----၁၂၁
ကိုဇော်ဝင်းမောင်

(၄-၁၄) ပန်းချီဆရာဦးမြသောင်း နှင့်သမီး -----၁၂၉
ဆရာမ မနုနု

(၄-၁၅) ဒေါက်တာဒဂုန် နှင့်သမီး --------------၁၃၇
ဒေါက်တာဒဂုန်ခင်သဇင်

၁၀။ အခန်း (၅) မှုရင်းကောင်းမှ မိတ္တူကောင်းမည် ------------၁၄၄
၁၁။ ကျမ်းကိုး -----------------------------------------၁၄၇


## ဒေါက်တာကျော်စိန်၏ အမှာစာ

ကျွန်တော်သည်၊ ဗေဒင်ကိုပညာရပ်တစ်ခုအနေဖြင့်၊ ယုံကြည်လေးစားပါသည်။ လောကနီတိတွင်၊ တိကိစ္ဆာစ ဆေးအတတ်လည်းကောင်း၊ ဣတိဟာသာစ ရယ်မောခြင်း အတတ်လည်းကောင်း၊ ဇောတိစ ဗေဒင်အတတ်လည်းကောင်း၊ ဟူ၍ယောကျ်ားတို့ တတ်အပ်သော အဋ္ဌာရသပညာရပ် (၁၈)ခုတွင် အပါအဝင်ဖြစ်ကြောင်း အတိအလင်းဖော်ပြထားပါသည်။ ထို့အပြင်သိဒ္ဓတ္တ မင်းသားကိုပင် ဘုရားစင်စစ် ကေနိဖြစ်လတ္တ 'ဟု ရဲရဲဝံ့ဝံ့မင်းပြစ်မင်းဒဏ်ကိုပင် မကြောက်ရွံ့ဘဲ ဗေဒင်ဟောဖူးသည့် ကောဏ္ဍညပုဏ္ဏားကလည်း ဗေဒင်ပညာ၏ရှေးကျမှု အရေးပါမှုတို့ကို ညွှန်းဆိုနေသည့်အပြင် ယနေ့ထက်တိုင်ဗေဒင်ပညာခေတ်စား နေဆဲဖြစ်သောကြောင့် မလေးမစားမထီမဲ့မြင် မပြုအပ်သည့်လောကီပညာရပ် အဖြစ် သဘောပေါက်ပါသည်။

သို့သော် ကျွန်တော်သည်ကံသာလျှင်အကြောင်းရင်းရှိ၏။



ကံသာလျှင်အဓွေခင်ပွန်းဖြစ်၏ ဟူသောဘုရားဟောအဘိဏှသုတ်ကိုလည်းယုံကြည်လိုက်နာသူဖြစ်ရာ၊ မိမိ၏အပြုအပြော၊အကြံအစည် ဟူသောကံသုံးပါး၏ အကျိုးသက်ရောက်မှုကအဓိကကျကြောင်း ကိုလက်ခံသူဖြစ်ပါသည်။ထို့အပြင် အလုပ်သဘောအရရော ပုဂ္ဂိုလ်ရေး ခံယူချက်အရပါ လှုံ့ဆော်မှု (**Stimulus**) နှင့်တုံ့ပြန်မှု (**Response**) တို့၏ အလုပ်သဘောဆက်နွယ်မှု (**Functional relationship**) ကိုဖော်ပြသောအပြုအမူ တို့ကိုသိပ္ပံနည်းကျ လေ့လာသည့် စိတ်ပညာသဘောရပ်ကို အထူးအလေးထားသူလည်း ဖြစ်ပါသည်။ ထို့ကြောင့်ကျွန်တော်သည် ဗေဒင်ပညာကို လေးစား သော်လည်း အားကိုးသူကားမဟုတ်ပါဟုဆိုချင်ပါသည်။

ယင်းသို့ဖြစ်လျှင် အဘယ်ကြောင့်ယခုစာအုပ်တွင် အမှာစကား ရေးရပါသနည်း။ ဤသို့မေးခွန်းထုတ်နိုင်ပါ၏။ အဖြေမှာစိတ်ပညာဘာသာရပ်ဆိုင်ရာ သားတပည့်၊မြေးတပည့်တို့နှင့်ဆက်စပ်နေသောကြောင့်ဟုဖြေပါမည်။ အထူးသဖြင့်ဤစာအုပ်သည် အသုံးချစိတ်ပညာရှုထောင့် (**Applied Psychology**) မှ ဗေဒင်ပညာ၏ အရေးပါမှုကို စနစ်တကျဆန်းစစ်ထားသော စာတန်းကောင်း တစ်စောင်ဖြစ်ပါသည်။ စာအုပ်ရေးသူဒေါက်တာဒဂုန်ခင်သဇင်သည် ကျွန်တော်၏သားတပည့် ဒေါက်တာအောင်မြတ်ကျော်စိန် (စိတ်ပညာ ပါမောက္ခ) ထံတွင်အသုံးချစိတ်ပညာကို ဆည်းပူးလေ့လာခဲ့သူဖြစ်ပြီး သူ၏ဆရာမှာ ကျွန်တော်တို့ဦးဆောင်သည့် ပါရဂူဘွဲ့လွှန်သင်တန်း အဖွဲ့၏ လမ်းညွှန်မှုဖြင့်ကျမ်းကြီးပြုစုကာ စိတ်ပညာပါရဂူဘွဲ့ကိုရရှိခဲ့သူ ဖြစ်ရာ သားတပည့်၊မြေးတပည့် ဟူသောသံယောဇဉ်ကြောင့်လည်း အမှာစာရေးဖြစ်ခြင်း ဖြစ်သည်ဟုယူသော်လည်းရနိုင်ပါသည်။

ဤစာအုပ်တွင် စာပေပညာရှင်၊အနုပညာရှင်တို့၏ မိဘနှင့် သားသမီးဆက်နွယ်မှုကို အမွေပေးအမွေခံအဖြစ်ဗေဒင်ပညာရှုထောင့်



မှစီစစ်တင်ပြထားသည်။ ကျွန်တော်တို့သင်ကြားခဲ့သည့် စိတ်ပညာဘာသာရပ်၊ ဗီဇနှင့်ပတ်ဝန်းကျင် (**Heredity and environment**) အခန်းတွင်လည်းကောင်း၊ ဇီဝကမ္မစိတ်ပညာ (**Physiological Psychology**) တွင်လည်းကောင်း၊ ဗီဇတို့၏ဩဇာလွှမ်းမိုးမှု၊ ဗီဇနှင့်ပတ်ဝန်းကျင်တို့၏ အပြန်အလှန်တုံ့ပြန်အကျိုးသက်ရောက်မှု အကြောင်းပါပါသည်။ ထို့နည်းတူပင်ဆက်ဆံရေးစိတ်ပညာ တွင်သင်ရသည့် ဆက်ဆံရေးပုံသွင်းခြင်း (**Social Relation**) ဘာသာရပ်တွင်လည်း မိဘတို့၏ထမြောက်မှုက သားသမီးတို့ အတွက် အတုယူစရာစံပြပုံရိပ်ဖြစ်ကြောင်း တို့ပါဝင်ပါသည်။ ကင်းလွတ်ကိန်းရှင်နှင့် မှီခိုကိန်းရှင်တို့၏ဆက်နွယ်ပုံကို ဗေဒင်ပညာ ရှုထောင့်မှဆန်းစစ်ပြခြင်းနှင့် ထိုကိန်းရှင်တို့၏ အရေးပါမှုအတိုင်း အတာပမာဏကို ဆန်းစစ်ပြမှုတို့ကြောင့် စိတ်ဝင်စားဖို့ကောင်း သည်ဟု ထင်မြင်မိကြောင်းရိုးသားစွာဝန်ခံလိုပါသည်။

ရွှေရင်လေး၍ဗေဒင်မေးသည် ဟူသော၊ ဆိုရိုးစကားစဉ် တစ်ခုရှိရာ၊ အကြံပေးလမ်းညွှန်စိတ်ပညာ (Conselling Psychology) ရှုထောင့်မှလည်း ဗေဒင်ပညာသည်အသုံးဝင်ပါသည်။ စိတ်ဖိစီးမှုခံစားနေရသူတို့ကိုလည်း ဗေဒင်ပညာ၏ယတြာအတတ်က စိတ်သက်သာရာရစေပါသည်။ စိတ်ညှိုးနွမ်းအားငယ်နေသူတို့ကိုလည်း ဗေဒင်ပညာ၏ထင်မြင်ချက်က အားသစ်လောင်းပေးနိုင်ပါသည်။ သားသမီးတို့၏ပညာရေးအတွက် ရတက်မအေးဖြစ်နေသူမိဘတို့ကိုလည်း ဗေဒင်ပညာ၏အစီအရင်တို့က အတော်အတန်စိတ်သက်သာရစေပါသည်။ ဝိသမစီးပွားရှာသူဗေဒင်ပညာရှင်ကိုမူ အကြံပေးဆရာအဖြစ် မသတ်မှတ်လိုပါ။

အချုပ်ဆိုရသော် ဤစာအုပ်ငယ်သည် သာမန်ဗေဒင်ပညာ အသိဉာဏ်ပေးစာအုပ်တစ်အုပ်မျှသာမဟုတ်၊ စနစ်တကျပြုစုထား



သော သုတေသနဘောင်ဝင်သည့် စာတမ်းတစ်စောင်လည်းဖြစ်ပါ၏။ အထူးသဖြင့် အသုံးချစိတ်ပညာရှုထောင့်မှ အကဲဖြတ်ရသော် အကြံပေးလမ်းညွှန်ဆရာတို့ မှီငြမ်းပြုစရာ၊ စာတန်းကောင်းတစ်စောင်လည်းဖြစ်ပါ၏။ သို့ဖြစ်ခြင်းကြောင့် နိဂုံးချုပ်အနေဖြင့် တိုးတက်နေသောဤသိပ္ပံခေတ်ကြီးတွင် ဗေဒင်ပညာ စနစ်တကျထွန်းကားပါစေ။ ဝိသမစီးပွားရှာဗေဒင်ဆရာများ လျော့ပါးပါစေဟုဆန္ဒပြုလိုက်ရပါသည်။

**ဒေါက်တာကျော်စိန်**

၇-၁၂-၂၀၁၀